မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
November 28, 2024 Volume 84, Number 17

| ၂၈.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၂.၇၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၆.၆၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၉၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ပြည်ပသို့ ပို့ကုန်၊ သွင်းကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅,၄၈၃ သန်းခန့် ဆောင်ရွက်နိုင်ခဲ့



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၊ ဧပြီလမှ အောက်တိုဘာလ ၂၅ ရက်အထိ ပြည်ပသို့ ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်မှုအနေဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅,၄၈၃ သန်းခန့်ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။

လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း ၊ သစ်တောထွက်ပစ္စည်းနှင့် အခြားပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၅၁၆ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပို့ကုန်များကို တရုတ်၊ ထိုင်း ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် ၊ ဂျာမနီ၊ နယ်သာလန်၊ ပိုလန်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ဗြိတိန်၊ အမေရိကန်အစရှိသည့် နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့ပြင် သွင်းကုန်များဖြစ်သည့် မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်း၊ မီးရထားနှင့်မီးရထားပစ္စည်း၊ စက်နှင့်စက်ပစ္စည်း၊သံ၊သံမဏိနှင့်ဆောက်လုပ်ရေးပစ္စည်း၊ ရေနံထွက်ပစ္စည်း၊ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ စက်သုံးဆီ၊ စားအုန်းဆီ နှင့် ဆေးဝါးစသည့် ကုန်ပစ္စည်းများကို အမေရိကန်ဒေါ်လာသန်းပေါင်း ၆၉၆၆ သန်းကျော်ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## တောင်ကြီး ကန်စွန်းဥဈေးကွက်တွင် ငချိတ်ကန်စွန်းဥများ အရောင်းသွက်



တောင်ကြီးကန်စွန်းဥဈေးကွက်အတွင်းရွှေဝါကန်စွန်းဥထက် ငချိတ်ကန်စွန်းဥက ပိုမိုအရောင်းသွက်နေကြောင်း ၊ ရွှေဝါကန်စွန်းဥနှင့် ငချိတ်ကန်စွန်းဥ နှစ်မျိုးအနက်မှ ငချိတ်ကန်စွန်းဥများကို မုန့်လုပ်ရာတွင် ပိုမိုအသုံးပြုကြသဖြင့် ရောင်းအားပိုကောင်းနေကြောင်း သိရသည်။

"ကန်စွန်းဥကရွှေဝါနဲ့ငချိတ်ဆိုပြီးနှစ်မျိုးရှိတယ်။ ရွှေဝါထက်ငချိတ်ကအရောင်းပိုလိုက်တယ်။တာချီလိတ်တို့ မြိတ်တို့ဘက်မှာဆို အမှာတော်တော်များတယ်။အခုက တာချီလိတ်ဘက်က ပိုပြီးအမှာများတယ်။နယ်စပ်ဖြစ်တဲ့အတွက် သူကရှယ်အလှတွေသုံးတာများတယ်။မြိတ်ဘက်ကလည်း ဆိုဒ်အသေးတွေမှာယူတာများတယ်။ငချိတ်ကို ပိုမှာကြတယ်။ငချိတ် က ပိုပျော့တယ်။ရွှေဝါကျတော့ ခဲခဲလေးနေတယ်။ငချိတ်ကို မုန့်တွေပြန်လုပ်ကြတယ်။ကန်စွန်းဥကို ဆနွင်းမကင်းတို့၊သာကူတို့ ထဲမှာလည်း အတုံးလေးတွေထည့်ပြီးအသုံးပြုကြတယ်"ဟု တောင်ကြီးမြို့ရှိ အသီးအနှံလက်လီလက်ကားရောင်းဝယ်ရေးလုပ် ကိုင်သူတစ်ဦးက ပြောသည်။

ငချိတ်ကန်စွန်းဥတွင် ရှမ်းငချိတ်နှင့်ဂျပန်ငချိတ်ဟူ၍ နှစ်မျိုးရှိရာ တောင်ကြီးဒေသတွင် ဂျပန်ငချိတ်ကို ပိုမိုစိုက်ပျိုးကြောင်း သိရသည်။

"ရှမ်းငချိတ်ကျတော့ ဒေသငချိတ်လို့ခေါ်ကြတယ်။ ဂျပန်ငချိတ်ကတော့ အဖြူရောင်မရောဘူး။လုံးဝခရမ်းရောင်သန်းတယ်။ ဈေးကလည်း နည်းနည်းပိုတယ်။ ဒေသငချိတ်ကဈေးနည်းနည်းလျော့တယ်။ အခုချိန်က ကန်စွန်းဥနည်းနည်းပေါနေတော့ ဈေးတော့သင့်တယ်"ဟု ၎င်းက ပြောပြသည်။

**Source : ကြေးမုံသတင်းစာ**

## မုံရွာမြို့တွင် ကုန်စိမ်းဈေးရုံနှင့် ကုန်စိမ်းပွဲရုံသစ်တည်ဆောက်လျက်ရှိ



မုံရွာမြို့တွင် အနယ်နယ်အရပ်ရပ်မှ ရာသီပေါ်သီးနှံများ ရောင်းချသည့် ကုန်စိမ်းဈေးသည်များအတွက် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေကွက် ၃ ဒသမ ၈ ဧက ပေါ်တွင် ကုန်စိမ်းဈေးရုံနှင့်ကုန်စိမ်းပွဲရုံသစ်ကြီးတည်ဆောက်လျက်ရှိကြောင်းသိရသည်။

"မုံရွာမြို့ မြို့အင်္ဂါရပ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလမ်းမကြီးတစ်လျှောက် ရောင်းဝယ်ဖောက်ကားလျက်ရှိတဲ့ ကုန်စိမ်းဈေးသည်တွေစနစ်တကျ ရောင်းဝယ်ဖောက်ကားနိုင်ဖို့နဲ့လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ကုန်စိမ်းဈေးရုံနှင့်ကုန်စိမ်းပွဲရုံသစ်ကြီးကို တည်ဆောက်နေပါတယ်"ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ကုန်စိမ်းဈေးရုံတည်ဆောက်ရာတွင် ပေ(၈၀x၆၀) အတိုင်းအတာရှိဈေးရုံ ၁၂ ရုံအား လုရတီ၊ ဘုန်းကံတိုး၊ကံမြတ်ထွန်းကျော်၊ မြမြင့်မိုရ်အရာတော်ကုမ္ပဏီတို့မှတည်ဆောက်လျက်ရှိပြီးဈေးရုံတစ်ရုံလျှင် ပေ (၂၀x၃၀ )အခန်း ၈ ခန်းနှုန်းဖြင့် ကုန်စိမ်းခန်း ၉၆ ခန်း ပါဝင်မည်ဖြစ်သည်။

"ရာသီပေါ်သီးနှံတွေကို တစ်စုတစ်စည်းထဲဝယ်ယူရရှိနိုင်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဈေးမှ ကုန်စိမ်းဈေးသည်တစ်ဦးကပြောသည်။

ထို့ပြင် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့သစ်ဈေး (ဇန္နလဈေး )ကိုယခင်က ၉x၁၁ ပေရှိ ဆိုင်ခန်း ၂၆ခန်း ပါသော တစ်ထပ်ဈေးရုံအား ယခုအခါ RCနှစ်ထပ်အဆောက်အဦအဆင့်မြင့်ဈေးအဖြစ် အဆင်မြင့်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဈေးရုံ၏ အောက်ထပ်ဈေးရုံတွင် ၁၀x၁၂ ပေ ဆိုင်ခန်း ၄၄ ခန်း နှင့် အပေါ်ထပ်အဆင့်မြင့် Super Market များထားရှိရန် Hall Type ပုံစံဖြင့် တည်ဆောက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှကြီးကြပ်၍ ကံစောထွန်းကုမ္ပဏီကတင်ဒါစနစ်ဖြင့် တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြို့သစ်ဈေး၏ တောင်ဘက်ရှိ အောင်ချမ်းသာဈေး ပုံကျဈေး ၈ ရုံကိုလည်း ပြင်ဆင်လျက်ရှိပြီး ဈေးရုံ ၃ ရုံကို အသစ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**Source : Popular News Journal**

## ပွင့်ဖြူမြို့နယ်၌ ခရမ်းချဥ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများလှိုင်လှိုင်ခူးဆွတ်ရောင်းချနေရ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းရေနှင့်မြေအောက်ရေကို အသုံးပြု၍ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ခရမ်းချဥ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများလှိုင်လှိုင်ခူးဆွတ်ရောင်းချနေရကြောင်း သိရသည်။

" ဒီနှစ် ပွင့်ဖြူမြို့နယ်မှာ မုန်းချောင်းရေနဲ့ မြေအောက်ရေကိုအသုံးပြုပြီး ခရမ်းချဥ်စိုက်ပျိုးကြတဲ့ တောင်သူတွေဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြပါတယ်။ စိုက်ပျိုးရေးအဆင်ပြေလို့ ခရမ်းချဥ်စိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းပြီး အသီးတွေလှိုင်လှိုင်ခူးဆွတ်ရောင်းချနေရပါတယ်။အရင်တုန်းက ခရမ်းချဥ်ကို မိရိုးဖလာစိုက်ပျိုးခဲ့ကြပေမဲ့ အခုချိန်မှာပြောင်းလဲတိုးတက်လာတဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို လေ့လာပြီးအထွက်နှုန်းကောင်းအောင် စိုက်ပျိုးနေပါတယ်။စိုက်ပျိုးရာမှာလည်း စားသုံးသူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက်စိုက်ပျိုးရေးဦးစီးဌာနရဲ့ကြီးကြပ်မှုနဲ့အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်တွေနဲ့အညီ စိုက်ပျိုးတာဖြစ်လို့ ထွက်ရှိလာတဲ့သီးနှံတွေက သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးလည်းကောင်းပါတယ်။လက်ရှိမှာ ခရမ်းချဥ်သီးကဈေးကောင်းရရှိလို့ စိုက်ပျိုးတောင်သူတွေက အဆင်ပြေကြပါတယ်”ဟု ပွင့်ဖြူမြို့နယ်မုန်းဇလဲကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် နေ့စဥ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများကို စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချနိုင်စေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အခမဲ့ဖြန့်ဖြူးပေးခြင်းအပြင် ထွက်ရှိလာသော သီးနှံများ အစားအစာဘေးကင်းလုံခြုံရေးအတွက် GAP နည်းစနစ်နှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းတွင် ခရမ်းချဥ်မှာ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင် ယခင်နှစ်ကထက်ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကြက်သွန်နီအဟောင်းများအဉှောင့်ထွက်ကာလဖြစ်၍ ပြည်တွင်းဈေးကွက်သာ အားထားနေရ

မုံရွာကြက်သွန်နီဈေးကွက်တွင်အဟောင်းများ အဉှောင့်ထွက်ကာလဖြစ်၍ ပြည်တွင်းဈေးကွက်ကိုသာ အားထားတင်ပို့ပေးနေရကြောင်း မုံရွာမြို့ရှိကြက်သွန်နီပွဲရုံပိုင်ရှင်များထံက သိရသည်။




"အခုကအဟောင်းတွေအညှောင့်ထွက်တော့မြန်မာနိုင်ငံပြည်တွင်းပဲပို့တော့တာပါ။ တရုတ်နဲ့မလေးရှားကိုမပို့ရတော့ပါဘူး။ ချင်းတွင်းမြစ်ကနေ မော်တော်တွေနဲ့ ဦးစားပေးတင်ပို့တယ်။ မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးဈေးကွက်တွေ ဦးစားပေးပို့ပါတယ်။ အညှောင့်ထွက်ချိန်ဆိုတော့ ပြည်ပတင်ပို့ဖို့က အဆင်မပြေတော့ဘူး။ အစောပိုင်းကာလတွေက ပြည်ပ တရုတ်ကိုတင်ရတာပေါ့။ အခုက ပြည်တွင်းပဲ ပို့ရပါတယ်"ဟု ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကြက်သွန်နီဈေးနှုန်းသည် ယခုနှစ်အစောပိုင်းက ဈေးနှုန်းအေးခဲ့ရာ တစ်ပိဿာ ၁၆၀၀-၁၇၀၀ ကျပ်ဈေးမှ ကျပ် ၃၀၀၀ ကျော် ဈေးအထိဖြစ်လာခဲ့ပြီး ယခုတွင် ဈေးကွက်အေးသွားကြောင်းသိရသည်။

"မုံရွာမြို့ဝန်းကျင်ကျေးရွာတွေက ကြက်သွန်နီတွေဝင်ပါတယ်။လာပို့တာရှိသလိုရွာအရောက်ဆင်းဝယ်ရတာတွေရှိပါတယ်။ အခုက ကြက်သွန်နီ သက်တမ်းကုန်လို့အဟောင်းတွေရောင်းနေရတဲ့အချိန်ပါ။ အသစ်ပေါ်တော့မယ်။မိတ်ထောင်အရင်ပေါ်မှာပါ။ တပေါင်း၊ တန်ခူးလလောက်မှရေသွင်းလာမှာပါ"ဟု ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ဈေးကွက်ပို့ရာတွင် ကြက်သွန်နီများကို လုပ်သားအင်အားသုံး၍ အမျိုးအစား ၃ မျိုးခွဲပို့ရကာ ကြက်သွန်နီပေါ်ခါစအချိန်၊ အထားခံမည့်အချိန်က ယခုအချိန်ထက်ပိုမို အလုပ်လုပ်ကြရပြီး လက်ရှိတွင် ကြက်သွန်နီဈေးကွက်အေးနေကြောင်း သိရသည်။

**Source : Popular News Journal**

## ငါးရိက္ခာဖူလုံစေရေးအတွက် ထန်းတပင်မြို့နယ်တွင် ငါးနှင့်ပုစွန်မွေးမြူရေးကန် ဧရိယာတိုးချဲ့ထား



ငါးထုတ်လုပ်သည့်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးရိက္ခာဖူလုံစေရေးအတွက် ငါးမွေးမြူရာတွင် ထန်းတပင်မြို့နယ်၌ ငါးနှင့်ပုစွန်မွေးမြူရေးကန်ဧရိယာ ၁၈,၅၃၀ ဒသမ ၃၈ ဧကအထိ တိုးချဲ့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင် ၂၇၀ ဦးရှိပြီး ငါးကန်ဧရိယာ ၁၇၆၃၂ ဒသမ ၆ ဧက ၊ပုစွန်မွေးမြူရေးလုပ်ငန်းရှင် ၄၈ ဦးနှင့်ပုစွန်ကန်ဧရိယာ ၈၉၇ ဒသမ ၇၈ ဧကရှိကြောင်း သိရသည်။

ထို့ပြင် ငါးမွေးမြူရာတွင်လည်း ငါးမြစ်ချင်းမျိုးများကိုသာ အဓိကထားမွေးမြူလျက်ရှိပြီး ငါးတန်၊ ငါးကြင်းနှင့်ငါးခေါင်းပွမျိုးများကို အနည်းငယ်သာထည့်သွင်းမွေးမြူလျက်ရှိကြောင်းသိရသည်။

နှစ်စဉ် မတ်လ၊ ဇွန်လ၊ ဇူလိုင်လ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ငါးကန်များ၌ ငါးမျိုးများကို ထည့်သွင်းမွေးမြူလျက်ရှိပြီး တစ်နှစ်လျှင်တစ်ကြိမ်နှုန်းဖြင့် ငါးကန်ဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကန်ဖော်သည့်အချိန်တွင် ငါးမြစ်ချင်း တစ်ကောင်လျှင် ၇၀ ကျပ်သားခန့်၊ ငါးကြင်းတစ်ကောင်လျှင် ၅၀ ကျပ်သားခန့်၊ ငါးတန်တစ်ကောင်လျှင် ၇၀ ကျပ်သားခန့်နှင့် ငါးခေါင်းပွ တစ်ကောင်လျှင် ၅၀ ကျပ်သားခန့်အရွယ်ရှိကြောင်း သိရသည်။

ထို့ပြင် ပုစွန်မွေးမြူရာတွင်လည်း ရေချိုပုစွန်ကိုသာ အဓိကထားမွေးမြူလျက်ရှိပြီး နှစ်စဉ်မိုးဦးကာလတွင် ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ကာ တစ်နှစ်လျှင် နှစ်ကြိမ်ကန်ဖော်ကြောင်း သိရသည်။

**Source : Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင်ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင်ဒေသထွက် ကြက်ဟင်းခါးသီးများအရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကြက်ဟင်းခါးသီးများ နိုဝင်ဘာလဒုတိယပတ်မှစတင်ပြီး ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၁၇,၀၀၀ မှ ၂၅,၀၀၀ ထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေကအဝယ်များနေပါတယ်။ လက်ရှိတစ်ရက်ကို ကြက်ဟင်းခါးသီးအလုံးရေ ၂၅,၀၀၀ထိ ရောင်းချနေရပါတယ်။ ဒေသထွက်ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၀,၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်၊ မအူပင်စသည့်ဒေသများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်က ကုန်သွယ်ရေးနှင့်စီးပွားရေးဆိုင်ရာအဆင့်မြင့်ရာထူးများအတွက် ရွေးချယ်ခဲ့ခြင်း

အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်သည်သမ္မတအိမ်ဖြူတော်အမျိုးသားစီးပွားရေးအကြံပေးကောင်စီ National Economic Council, N.E.C ညွှန်ကြားရေးမှူးအဖြစ် Mr. Kevin Hassett အား ရွေးချယ်ကြောင်း ဒေါ်နယ်ထရမ့်က "X" လူမှုကွန်ရက်၌ ဖော်ပြခဲ့သည်။

Mr. Kevin Hassett သည် ဒေါ်နယ်ထရမ့်အစိုးရ၏ စီးပွားရေးအစီအစဉ်များဖြစ်သည့် အခွန်များလျှော့ချခြင်း၊ အကောက်ခွန်တိုးမြှင့်ကောက်ခံခြင်းနှင့်စွမ်းအင်ထုတ်လုပ်မှုတိုးမြှင့်ရေးတို့တွင်ဘဏ္ဍာရေးဝန်ကြီးနှင့်အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေါ်နယ်ထရမ့်၏ ထုတ်ပြန်ချက်အရ Mr. Kevin Hassett သည် ငွေကြေးဖောင်းပွမှုနှင့်ကြုံတွေ့လျက်ရှိသည့်အခြေအနေမှ အမေရိကန်မိသားစုများပြန်လည်နာလန်ထူလာစေရန် ကူညီလုပ်ဆောင်မည်ဖြစ်ပြီး အခွန်လျှော့ချခြင်းနှင့် ကုန်သွယ်ရေးအရ အမေရိကန်နိုင်ငံအား အမြတ်ထုတ်နေသည့်နိုင်ငံများနှင့်မျှတသည့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရေးကို တာဝန်ယူလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Mr. Kevin Hassettသည်စတန်းဖို့ဒ်တက္ကသိုလ် Hoover Institution ၌ ရှေးရိုးဆန်သူ စီးပွားရေးသုတေသီတစ်ဦးဖြစ်ပြီး Milken Institute တွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်လျက်ရှိသူဖြစ်သည်။

၎င်းသည် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သမ္မတအိမ်ဖြူတော် စီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌအဖြစ်လည်းကောင်း ၂၀၂၀ ပြည့်နှစ်တွင်ဒေါ်နယ်ထရမ့်၏အကြီးတန်းစီးပွားရေးအကြံပေးအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သူဖြစ်ပြီး ၂၀၂၇ ခုနှစ် Tax Cuts and Job Act အတည်ပြုရေးအတွက် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ပါသည်။

ထို့ပြင် ဒေါ်နယ်ထရမ့်က King & Spalding ဥပဒေအကြံပေးကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးရှေ့နေ Mr. Jamieson Greer အား အဓိကကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းသူဖြစ်သည့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် (USTR )အဖြစ် ရွေးချယ်ခဲ့ပါသည်။

Mr. Jamieson Greer သည်ဒေါ်နယ်ထရမ့်၏ပထမအကြိမ်သမ္မတသက်တမ်းတွင်ကုန်သွယ်ရေးကိုယ်စားလှယ် (USTR) Mr. Robert E. Lighthizer ၏ ဝန်ထမ်းအကြီးအမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း၊ ၎င်းသည် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုများနှင့်မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် North America Free Trade Agreement, NAFTA ကို အစားထိုးချုပ်ဆိုခဲ့သည့် အမေရိကန် – မက္ကဆီကို – ကနေဒါ ကုန်သွယ်မှုသဘောတူစာချုပ်(U.S. Mexico Canada Agreement,USMCA) ဆွေးနွေးညှိနှိုင်းမှုတွင်လည်း ပါဝင်ခဲ့သူဖြစ်ကြောင်း၊ ယင်းရာထူးတာဝန်မထမ်းဆောင်မီ Mr. Jamieson Greer သည် အမေရိကန်လေတပ်ရှေ့နေအဖြစ်လည်းကောင်း၊ အီရတ်နိုင်ငံ၌လည်းကောင်းတာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

ဒေါ်နယ်ထရမ့်က Mr. Jamieson Greer သည် “ နိုင်ငံ၏ကုန်သွယ်မှု လိုငွေပြမှုကိုထိန်းချုပ်ရန်၊ အမေရိကန် နိုင်ငံ၏ စက်မှု၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် ပို့ကုန်ဈေးကွက်များ နေရာတိုင်းတွင် ဖွင့်လှစ်နိုင်ရန်အတွက် အမေရိကန်ကုန်သွယ်မှု ကိုယ်စားလှယ်ရုံးကို အဓိကတာဝန်ယူမည်” ဟု ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်ရေးကိုယ်စားလှယ် (USTR )ရာထူးသည် ဒေါ်နယ်ထရမ့်လက်ထက်တွင် အရေးပါသည့်ရာထူးတစ်ခုဖြစ်လာပြီး ၎င်း၏ပထမအကြိမ်သမ္မတသက်တမ်းတွင် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံခြင်းနှင့် ကုန်သွယ်ရေးညှိနှိုင်းမှုများကို ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးကဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်ရေးကိုယ်စားလှယ် (USTR) သည် အစိုးရအဖွဲ့ဝင်အဆင့်ရှိပြီး ကုန်သွယ်ရေးညှိနှိုင်းမှုများ၊ အမေရိကန်နိုင်ငံ၏ အခြားနိုင်ငံများနှင့် စီးပွားရေးအရအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းနှင့် ဥပဒေပြုသူများ၊ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်လက်တွဲ၍ နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို တာဝန်ယူရသည်။

ဒေါ်နယ်ထရမ့်အနေဖြင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Howard Lutnick ကို ရွေးချယ်ခဲ့စဉ်တွင်လည်း “Mr. Howard Lutnick သည် ကုန်သွယ်ရေးနှင့်အကောက်ခွန်မူဝါဒများကို ဦးဆောင်သွားမည်ဖြစ်ပြီး အမေရိကန်ကုန်သွယ်မှုကိုယ်စားလှယ်ရုံး၏ တိုက်ရိုက်တာဝန်ဝတ္တရားများကိုပါ ထမ်းဆောင်ရမည်”ဟုဖော်ပြထားသဖြင့်၎င်း၏ အစိုးရအဖွဲ့အတွင်း ကုန်သွယ်ရေးမူဝါဒနှင့်ပတ်သက်သော အဆင့်မြင့်ရာထူးကိုမည်သို့စီမံဆောင်ရွက်သွားမည်ကိုဆက်လက်စောင့်ကြည့်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/article/Naypyitawstp_281120240933

## ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုတားမြစ်ချက်ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ သက်တမ်းတိုးမည်

ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးများ တင်ပို့မှုတားမြစ်ချက်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက် အထိ ၆ လ ထပ်မံသက်တမ်းတိုးရန်ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနကအစိုးရထံအဆိုပြုထားကြောင်း ၎င်းသက်ဆိုင်ရာဥပဒေမူကြမ်းကို အစိုးရ၏တရားဝင် Website တွင် ဖော်ပြထားသည်။

အဆိုပါတားမြစ်ချက်သည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုရရှိစေရန်၊ ပြည်တွင်းဈေးကွက်တွင် ဆန်စပါးပြတ်လပ်မှုအန္တရာယ်ကို ရှောင်ရှားရန်နှင့် စားသုံးသူများအတွက် ကုန်ဈေးနှုန်း တည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယင်းဥပဒေမူကြမ်းတွင် ရုရှားမှ ဥရောပအာရှစီးပွားရေးသမဂ္ဂEAEUအဖွဲ့ဝင်နိုင်ငံ များနှင့် အစိုးရချင်းသဘောတူညီချက်ဖြင့် ပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တင်ပို့သည့် ဆန်စပါးများအပေါ်သက်ရောက်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ရုရှားတွင် ဆန်နှင့် ဆန်စပါးတင်ပို့မှု ယာယီတားမြစ်ချက်ကို Krasnodar နယ်မြေ ရုရှားတွင် ဆန်အဓိကထွက်ရှိသောဒေသရှိ Fedorovsky ရေအားလျှပ်စစ်စက်ရုံ မတော်တဆမှုဖြစ်ပွားပြီးနောက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် စတင်ခဲ့ပြီး ပို့ကုန်ကန့်သတ်ချက်အား ၆ လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိခဲ့သည်။

ရုရှားတွင် ဆန်စပါးထုတ်လုပ်နိုင်မှုသည် နှစ်စဉ် တန်ချိန် ၁ သန်းကျော်ရှိသည်။

၂၀၂၃ ခုနှစ်တွင် စပါးတန်ချိန် ၁ ဒသမ၂ သန်းနီးပါးရိတ်သိမ်းနိုင်ခဲ့ပြီး၂၀၂၄ ခုနှစ်တွင်လည်းအလားတူပမာဏကိုရိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည်ဆန်လုံးတို (short grain rice) သာဖြစ်ပြီး ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည် (Long grain rice)သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ ဆန်အဓိကတင်သွင်းခဲ့သည့် နိုင်ငံများမှာ အိန္ဒိယ (တန်ချိန် ၁၃၂,၇၈၀)၊ တရုတ်(တန်ချိန် ၂၄,၆၈၁ )၊ ကာဇက်စတန် (တန်ချိန် ၂၈,၃၀၉)၊ ထိုင်း (တန်ချိန် ၂၁,၆၇၅ )နှင့် တူကီယဲ (တန်ချိန် ၅,၆၂၉ )တို့ဖြစ်သည်။

**Source : https://www.kommersant.ru/doc/7311077**

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့(**

https://myantrade.gov.mm/article/npt-281120241201

## လာအိုနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်




လာအိုနိုင်ငံ၌အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လာအိုနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဝန်ဆောင်မှုစင်တာမှ ကိုယ်စားလှယ်များနှင့် လာအိုနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်များ နိုဝင်ဘာလ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရ သည်။

ဗီယင်ကျန်းတွင် ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် အသေးစားအငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြီးခဲ့သည့်ကာလအတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်မည့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအစီအမံကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဒေသအလိုက် အသေးစားအငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြသည်။

အသေးစားအငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဝန်ဆောင်မှုစင်တာတည်ထောင်ခြင်းသည် နိုင်ငံအတွင်း အသေးစားအငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ဖြစ်ပြီး လာအိုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိကြောင်း သိရသည်။

၎င်းစင်တာသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ဈေးကွက်နှင့် အရင်းအနှီးဆိုင်ရာသတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို အဓိကထားဆောင်ရွက်သည်။

**ဆင်ဟွာ**

**Source : ကြေးမုံသတင်းစာ**

# STOCK EXCHANGE (28.11.2024)

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

| Trading Volume | Trading Value |
|---|---|
| 11,131 (Shares) | 21,912,400 (MMK) |

## Main Board

As of 1:00 pm, 28th Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,127 (Shares) | 21,898,800 (MMK) |

| MYANPIX | 400.76 |
|---|---|
| | ▼ 0.34 |
| Total Volume (shares) | 1,127 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,912 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 3,100 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.76 | -0.34 | -0.08% | 401.10 | 401.10 | 399.20 | 1,127 | 2,648,800 | 8 | 755,912 |

### Index chart




YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Nov. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,127 (Shares) | 21,898,800 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 12 | 39,550 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 52 | 104,000 | 29,664,613 | 59,329 |
| TMH | 00005 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 4 | 12,500 | 12,823,224 | 39,752 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 616 | 1,053,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 443 | 1,439,750 | 23,804,946 | 77,366 |